**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**စီမံကိန်းဦးစီးဌာန**

**ဈေးကွက်သတင်းဌာနစိတ်**

# မြန်မာ့ပို့ကုန်နှင့် လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ

# အစီရင်ခံစာ တင်ပြခြင်း

**(၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီလ)**

ရက်စွဲ ၊ ၉-၄-၂၀၂၁

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ရည်ရွယ်ချက် | ၂ |
| ၃ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၆ |
| ၆ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၇ | နိဂုံး | ၈ |

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ရည်ရွယ်ချက် | ၂ |
| ၃ | (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနိုင်းယှဉ်ချက် | ၂ |
| ၄ | ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၄ |
| ၅ | လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ | ၆ |
| ၆ | လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ | ၇ |
| ၇ | နိဂုံး | ၈ |

# မြန်မာ့ပို့ကုန်နှင့် လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှု ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် ကြီးမားသည့်အစိတ်အပိုင်းအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များ အရ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ (၁၀) နှစ်တာကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံးရရှိနေသည်ကို တွေ့ရှိရသည်။

**ဇယား (၁) - ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား**
**၂၀၁၁-၁၂ မှ ၂၀၂၀-၂၁ (ဖေဖော်ဝါရီလ ၂၆ ရက်အထိ)**

အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini Budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀၂၀ (ယာယီ) | ၂၀၂၀-၂၁ (ဖေဖော်ဝါရီလ ၂၆ ထိ) |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃၇၂.၅၆ | ၂၆၉၆.၇၄ | ၂၆၆၁.၀၁ | ၂၉၁၉.၆၆ | ၂၆၁၅.၇၇ | ၂၉၂၈.၁၀ | ၃၀၈၇.၁၂ | ၁၂၇၈.၇၆ | ၃၂၆၁.၅၉ | ၃၇၂၅.၇၀ | ၂၄၀၃.၇၉ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၉၀.၆၉ | ၃၂.၈၉ | ၁၅.၄၂ | ၈.၂၉ | ၈.၀၁ | ၁၀.၆၃ | ၆၁.၀၀ | ၁၇၈.၃၂ | ၃၆၆.၃၆ | ၁၀၇.၇၄ | ၁၅.၉၃ |
| ၃ | ရေထွက်ပစ္စည်း | ၇၀၅.၉၁ | ၆၂၄.၁၈ | ၅၁၆.၀၄ | ၄၂၁.၀၄ | ၄၆၉.၅၂ | ၅၈၁.၅၂ | ၆၉၉.၀၄ | ၂၉၈.၁၅ | ၇၃၂.၁၆ | ၈၅၈.၉၆ | ၃၆၅.၄၆ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၈၉၇.၇၁ | ၃၉၉.၀၆ | ၁၃၃၉.၄၆ | ၁၄၉၈.၈၈ | ၉၆၈.၃၅ | ၁၀၁၀.၇၈ | ၁၇၈၄.၀၂ | ၁၀၄၉.၁၈ | ၁၄၆၅.၄၆ | ၁၈၇၀.၈၄ | ၄၄၈.၅၂ |
| ၅ | သစ်တောထွက်ပစ္စည်း | ၆၄၁.၉၉ | ၅၉၅.၆၅ | ၉၄၈.၀၃ | ၉၄.၄၀ | ၂၁၂.၄၈ | ၂၄၇.၀၀ | ၂၁၂.၁၂ | ၉၅.၂၁ | ၁၇၄.၇၈ | ၁၅၄.၀၇ | ၅၆.၆၃ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၈၃.၉၅ | ၄၄၉၂.၈၇ | ၄၆၃၇.၅၀ | ၆၅၂၄.၆၁ | ၅၇၃၄.၄၆ | ၅၄၇၇.၅၁ | ၆၉၇၉.၈၁ | ၄၆၇၂.၅၈ | ၁၀၂၉၀.၉၆ | ၉၉၇၉.၀၈ | ၂၉၇၇.၆၄ |
| ၇ | အခြားပစ္စည်း | ၃၄၂.၈၀ | ၁၃၅.၆၄ | ၁၀၈၆.၅၀ | ၁၀၅၆.၈၅ | ၁၁၂၈.၂၉ | ၁၇၄၃.၀၀ | ၂၀၆၀.၀၅ | ၁၂၈၈.၈၃ | ၇၆၉.၁၀ | ၉၆၆.၆၀ | ၁၈၇.၇၄ |
| စုစုပေါင်း | | ၉၁၃၅.၆၀ | ၈၉၇၇.၀၂ | ၁၁၂၀၃.၉၆ | ၁၂၅၂၃.၇၂ | ၁၁၁၃၆.၈၈ | ၁၁၉၉၈.၅၅ | ၁၄၈၈၃.၁၆ | ၈၈၆၁.၀၃ | ၁၇၀၆၀.၄၂ | ၁၇၆၆၂.၉၈ | ၆၄၅၅.၇၁ |

## ရည်ရွယ်ချက်


၃။ (က) လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့် တပြေးညီ သိရှိနိုင်စေရန်၊

(ခ) မူဝါဒချမှတ်ခြင်းနှင့် သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန်။

## (၅) နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၁၁၃၆.၈၇၈) သန်းရှိခဲ့ပြီး၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုးအမေရိကန်ဒေါ်လာ (၁၇၆၆၂.၉၈) သန်းထိ ရှိလာခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထက် (၅၉%) တိုးတက်လာခဲ့ကြောင်း သိရသည်။

၅။ မြန်မာ့လယ်ယာထွက်ကုန် တင်ပို့မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၂၆၁၅.၇၇၄) သန်းရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုး၏ (၂၃%) ရှိခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၃၇၂၅.၆၉၈) သန်းထိ ရှိလာခဲ့သော်လည်း စုစုပေါင်းပို့ကုန်တန်ဖိုး၏ (၂၁%) သာ ရှိခဲ့သောကြောင်း ပါဝင်မှုရာခိုင်နှုန်းအားဖြင့် ကျဆင်းလာခဲ့ကြောင်း သိရသည်။




ပုံ (၁) ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

၆။ သို့ဖြစ်၍ (၅) နှစ်တာကာလအတွင်း လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၁၁၀၉.၉၁၅) သန်း တိုးတက်ရရှိခဲ့သော်လည်း နိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုး မှာလည်း သိသိသာသာတိုးမြင့်လာခဲ့သည့်အတွက် စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍ ပို့ကုန်တန်ဖိုးပါဝင်မှုအချိုးမှာ (၂)% ခန့်အထိ ကျဆင်းလာခဲ့ကြောင်း တွေ့ရသည်။

**ဇယား (၂) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား**

**ပါဝင်မှုရာခိုင်နှုန်း**

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈ (Mini budget) | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ (ယာယီ) | ၂၀၂၀-၂၁ (၂၆-၂-၂၁) |
|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂၃% | ၂၄% | ၂၁% | ၁၄% | ၁၉% | ၂၁% | ၃၇.၂% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၀% | ၀% | ၀.၄% | ၂% | ၂% | ၁% | ၀.၂% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၃% | ၄% | ၅% | ၅.၇% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၈% | ၁၂% | ၁၂% | ၉% | ၁၁% | ၆.၉% |
| ၅ | သစ်တောထွက်ပစ္စည်း | ၂% | ၂% | ၁% | ၁% | ၁% | ၁% | ၀.၉% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၁% | ၄၆% | ၄၇% | ၅၃% | ၆၀% | ၅၆% | ၄၆.၁% |
| ၇ | အခြားပစ္စည်း | ၁၀% | ၁၅% | ၁၄% | ၁၅% | ၅% | ၅% | ၂.၉% |
| | စုစုပေါင်း | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |




ပုံ (၂) – ၂၀၁၅-၁၆ မှ ၂၀၂၀-၂၁ ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှု(%)အခြေပြဂရပ်

## ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၇။ ပြီးခဲ့သည့်နှစ်၊ ကာလတူနှင့်နှိုင်းယှဉ်ပါက **ပို့ကုန်တန်ဖိုးစုစုပေါင်းအနေဖြင့် လက်ရှိဘဏ္ဍာနှစ် (၂၆-၀၂-၂၀၂၁) အထိ အမေရိကန်ဒေါ်လာ (၆၄၅၅.၇၁) သန်းရှိရာ** ယခင်နှစ်အလားတူကာလတွင် **အမေရိကန်ဒေါ်လာ (၇၆၀၈.၀၄) သန်းရှိခဲ့သည့်အတွက် ယခင်နှစ်အောက် အမေရိကန်ဒေါ်လာ (-၁၁၅၂.၃၃) သန်း/ (၁၅) % ခန့် လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။**


ဇယား (၃) – ပို့ကုန်အုပ်စုအလိုက် ယခင်နှစ်ကာလတူတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်မှုအခြေအနေ

(ဒေါ်လာသန်း)

| ခုနှစ် | လယ်ယာထွက်ပစ္စည်း | တိရိစ္ဆာန်ထွက်ပစ္စည်း | ရေထွက်ပစ္စည်း | သတ္တုတွင်းထွက်ပစ္စည်း | သစ်တောထွက်ပစ္စည်း | စက်မှုကုန်ချောပစ္စည်း | အခြား | လယ်ယာထွက်ပစ္စည်း ရာခိုင်နှုန်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၂၀၂၀-၂၀၂၁ (၂၆-၂-၂၀၂၀) | ၂၄၀၃.၇၉ | ၁၅.၉၃ | ၃၆၅.၄၆ | ၄၄၈.၅၂ | ၅၆.၆၃ | ၂၉၇၇.၆၄ | ၁၈၇.၇၄ | ၃၇% | ၆၄၅၅.၇၁ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၂၀၁၉-၂၀၂၀ (၂၆-၂-၂၀၁၉) | ၁၅၉၂.၆၂ | ၅၂.၂၁ | ၄၀၆.၁၇ | ၁၀၀၀.၄၃ | ၇၁.၂၃ | ၄၃၄၁.၁၈ | ၁၄၄.၂ | ၂၁% | ၇၆၀၈.၀၄ |
| တိုး(+)/ လျော့(-) | ၈၁၁.၁၆ | -၃၆.၂၈ | -၄၀.၇ | -၅၅၁.၉၁ | -၁၄.၆၁ | -၁၃၆၃.၅၄ | ၄၃.၅၄ | ၁၆% | -၁၁၅၂.၃၃ |


၈။ လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပို့ကုန်တန်ဖိုးစုစုပေါင်းမှာ လျော့နည်းကျဆင်းခဲ့သော်လည်း လယ်ယာကဏ္ဍပို့ကုန်အနေဖြင့်မူ လက်ရှိဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၂၄၀၃.၇၉) သန်းရှိခဲ့ပြီး၊ ယခင်ဘဏ္ဍာနှစ်လယ်ယာကဏ္ဍပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၁၅၉၂.၆၂) သန်းသာ ရှိခဲ့ကြောင်း၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍပို့ကုန် ပါဝင်မှုရာခိုင်နှုန်းအနေဖြင့်မူ လက်ရှိဘဏ္ဍာနှစ်တွင် (၃၇.၂%) ရှိလာခဲ့ပြီး၊ ယခင်နှစ်အလားတူကာလတွင် (၂၁%) ဝန်းကျင်သာ ရှိခဲ့ကြောင်း သိရသည်။




ပုံ (၃)-လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာဏ္ဍာပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်

၉။ သို့ဖြစ်၍ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ရာ၌ လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၈၁၁.၁၆) သန်း / (၅၀.၀၉%) တိုးတက်ရရှိခဲ့ပြီး၊ စုစုပေါင်းပို့ကုန်တန်ဖိုးတွင်

လယ်ယာကဏ္ဍပို့ကုန်ပါဝင်မှုရာခိုင်နှုန်းအနေဖြင့် ယခင်နှစ်ထက် (၁၆%) ခန့် သိသိသာသာ မြင့်တက်လာခဲ့သည်ကို တွေ့ရှိရသည်။




ပုံ (၄) လက်ရှိဘဏ္ဍာနှစ်နှင့် ယခင်ဘဏ္ဍာနှစ် အလားတူကာလ လယ်ယာကဏ္ဍပို့ကုန်ပါဝင်မှု % နှိုင်းယှဉ်ပြဂရပ်

## လယ်ယာထွက်ကုန်အမယ်အလိုက် တင်ပို့နိုင်မှုအခြေအနေ


၁၀။ လယ်ယာကဏ္ဍအဓိကပို့ကုန် အမယ် (၅) မျိုးအနေဖြင့် ယခင်နှစ်များကဲ့သို့ပင် ပဲအမျိုးမျိုး၊ ဆန် (ဆန်ကွဲ အပါအဝင်)၊ ပြောင်း၊ နှမ်း နှင့် ရာဘာတို့ဖြစ်ပြီး၊ ယင်းတို့အနက် ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၆၂၆.၆၄၃) သန်း၊ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၃၈၄.၅၉၇) သန်းနှင့် ကျန်အမယ် (၃) မျိုးမှ အမေရိကန်ဒေါ်လာ သန်း (၂၀၀) ကျော်စီ အသီးသီး ရရှိထားကြောင်း၊ အခြားအမယ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၆၄၃.၄၄၇) သန်း ရရှိထားကြောင်း သိရှိရသည်။

ဇယား (၄) - အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန်အမျိုးအမည် | ၂၀၁၆-၁၇ (ဧပြီမှ မတ်) | ၂၀၁၇-၁၈ (ဧပြီမှ မတ်) | ၂၀၁၈(Mini Budget) (ဧပြီ မှ စက်) | ၂၀၁၈-၁၉ (အောက်မှ စက်) | ၂၀၁၉-၂၀ (အောက် မှ စက်) | ၂၀၂၀-၂၁ (၂၆-၂-၂၀၂၁) |
|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ဆန်ကွဲ | ၅၅၃.၉၆၂ | ၁၁၄၂.၃၉၈ | ၃၉၀.၉၀၈ | ၇၀၉.၆၉၂ | ၇၉၄.၃၈၇ | ၃၈၄.၅၉၇ |
| ၂ | ပဲအမျိုးမျိုး | ၁၃၉၈.၉၀၅ | ၈၈၆.၇၂၀ | ၃၉၇.၆၀၅ | ၁၀၂၆.၃၀၆ | ၁၁၉၅.၈၀၇ | ၆၂၆.၆၄၃ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ပြောင်း | ၂၅၂.၅၉၀ | ၂၉၄.၅၀၁ | ၈၄.၃၇၁ | ၂၇၇.၀၈၀ | ၃၆၈.၃၇၁ | ၂၃၉.၄၃၈ |
| ၄ | နှမ်း | ၁၄၅.၆၉၄ | ၁၄၇.၀၆၃ | ၃၆.၄၄၃ | ၁၉၃.၆၂၃ | ၂၇၉.၃၈၈ | ၂၇၁.၇၀၃ |
| ၅ | ရာဘာ | ၁၉၇.၃၅၇ | ၁၉၃.၇၄၅ | ၈၈.၃၅၈ | ၂၅၇.၇၅၂ | ၂၆၄.၄၄၂ | ၂၃၇.၉၅၇ |
| ၆ | အခြား | ၃၇၉.၅၉၃ | ၄၂၂.၆၉၆ | ၂၈၁.၀၇၄ | ၇၉၇.၁၃၉ | ၈၂၃.၃၀၄ | ၆၄၃.၄၄၇ |
| | **စုစုပေါင်း** | **၂၉၂၈.၁၀၁** | **၃၀၈၇.၁၂၃** | **၁၂၇၈.၇၅၉** | **၃၂၆၁.၅၉၁** | **၃၇၂၅.၆၉၈** | **၂၄၀၃.၇၈၅** |




ပုံ (၅) – အဓိကလယ်ယာထွက်ကုန်အမယ်များ၏ နှစ်အလိုက်တင်ပို့နိုင်မှု အခြေပြဂရပ်

## လယ်ယာထွက်ကုန်အမျိုးအစားအလိုက် တင်ပို့နိုင်မှုအခြေအနေ


၁၁။ ယခင်ဘဏ္ဍာနှစ် အလားတူကာလဖြင့်နှိုင်းယှဉ်ပါက (၁-၁၀-၂၀၂၀) မှ (၂၉-၁-၂၀၂၁) ထိ အဓိကလယ်ယာထွက်ကုန်အမျိုးအစားလိုက်တင်ပို့နိုင်မှုတွင် ဆန်(ဆန်ကွဲအပါအဝင်) အနေဖြင့် တန်ချိန်ပေါင်း (၂၅%) လျော့နည်းခဲ့သော်လည်း ပို့ကုန်တန်ဖိုးအနေဖြင့် (၁%) သာ လျော့နည်း

ရရှိခဲ့သည်။ ပဲအမျိုးမျိုးတွင် တန်ချိန် (၂၇%) နှင့် တန်ဖိုး (၄၃%)၊ ပြောင်းအနေဖြင့် တန်ချိန် (၃၆%) နှင့် တန်ဖိုး (၄၇%)၊ နှမ်းအနေဖြင့် တန်ချိန် (၁၄၈%) နှင့် တန်ဖိုး (၉၇%)၊ ရော်ဘာစိမ်းအနေဖြင့် တန်ချိန် (၇၃%) နှင့် တန်ဖိုး (၁၁၂%) စီ တို့ အသီးသီး တိုးတက်ရရှိခဲ့ကြောင်း အောက်ဖော်ပြပါ အချက်အလက်များအရ သိရှိရသည်။


**ဇယား (၆) – လယ်ယာထွက်ကုန်ပစ္စည်းအမျိုးအစားအလိုက် ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား**

ဒေါ်လာသန်း

| စဉ် | ကုန်စည်အမည် | ရေတွက်ပုံ | ကာလတူ (အောက်တိုဘာလ ၁ ရက်မှ ဖေဖော်ဝါရီ ၂၆ ရက်နေ့အထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် | ယခင်နှစ် | ခြားနားချက် | |
| | | | | | တန်ဖိုး | ရာခိုင်နှုန်း |
| | **လယ်ယာထွက်ပစ္စည်း** | | **၂,၄၀၃.၇၉** | **၁,၅၉၂.၆၂** | **၈၁၁.၁၆** | **၅၁%** |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၃၈၄.၆၀ | ၃၈၉.၂၁ | (– ၄.၆၂) | (–၁%) |
| | | တန်ချိန် | ၁,၀၁၆,၆၉၅.၄၇ | ၁,၃၅၁,၈၃၈.၄၉ | (– ၃၃၅,၁၄၃.၀၃) | (–၂၅ %) |
| | (က) ဆန် | US$ | ၂၃၉.၆၄ | ၂၈၀.၉၆ | (– ၄၁.၃၂) | (–၁၅ %) |
| | | တန်ချိန် | ၅၉၅,၈၆၄.၅၇ | ၉၃၂,၆၅၈.၀၉ | (–၃၃၆,၇၉၃.၅၃) | (– ၃၆ %) |
| | (ခ) ဆန်ကွဲ | US$ | ၁၄၄.၉၆ | ၁၀၈.၂၅ | ၃၆.၇၁ | ၃၄ % |
| | | တန်ချိန် | ၄၂၀,၈၃၀.၉၀ | ၄၁၉,၁၈၀.၄၀ | ၁,၆၅၀.၅၀ | ၀ % |
| ၂ | ပဲအမျိုးမျိုး | US$ | ၆၂၆.၆၄ | ၄၃၇.၂၃ | ၁၈၉.၄၂ | ၄၃ % |
| | | တန်ချိန် | ၇၄၂,၉၂၀.၃၁ | ၅၈၅,၁၅၇.၆၉ | ၁၅၇,၇၆၂.၆၂ | ၂၇% |
| ၃ | ပြောင်း | US$ | ၂၃၉.၄၄ | ၁၆၃.၂၇ | ၇၆.၁၇ | ၄၇ % |
| | | တန်ချိန် | ၁,၂၇၂,၄၀၅.၇၅ | ၉၃၇,၁၆၅.၃၇ | ၃၃၅,၂၄၀.၃၈ | ၃၆ % |
| ၄ | နှမ်း | US$ | ၂၇၁.၇၀ | ၁၃၇.၉၉ | ၁၃၃.၇၁ | ၉၇ % |
| | | တန်ချိန် | ၂၀၀,၀၉၄.၉၄ | ၈၀,၆၆၄.၂၅ | ၁၁၉,၄၃၀.၆၉ | ၁၄၈ % |
| ၅ | ရော်ဘာစိမ်း | US$ | ၂၃၇.၉၆ | ၁၁၂.၀၈ | ၁၂၅.၈၈ | ၁၁၂% |
| | | တန်ချိန် | ၁၅၄,၈၅၅.၃၃ | ၈၉,၆၉၃.၇၈ | ၆၅,၁၆၁.၅၅ | ၇၃% |
| ၆ | အခြားသီးနှံ | US$ | ၆၄၃.၄၅ | ၃၅၂.၈၄ | ၂၉၀.၆၁ | ၈၂ % |




(ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာ သန်း)




(ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်)

**နိဂုံး**

၁၂။ မြန်မာနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုနှင့် လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေများအား သိရှိနိုင်ပါရန် ပြုစုတင်ပြအပ်ပါသည်။

**ဈေးကွက်သတင်းဌာနစိတ်**